**CENTRAL COMMITTEE**
**KACHIN INDEPENDENCE ORGANIZATION**

# ယခင် ကချင်အထူးဒေသ (၁) နယ်မြေနှင့်ဆိုင်သော ထုတ်ပြန်ကြေငြာချက်

(၁/၂၀၂၄)

၁။ ကချင်လူမျိုးများသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူရေးအတွက် ပြည်ထောင်စု ဖွဲ့စည်းမှုအဆင့်ဆင့်တွင် ပါဝင်ကြိုးပမ်းခဲ့ကြပါသည်။

၂။ လွှတ်တော်တွင်းညှိနှိုင်းကြိုးပမ်းမှုများ မအောင်မြင်သောကြောင့် မလွှဲမရှောင်သာသည့် အဆုံးတွင် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို ရွေးချယ်ခဲ့ကြရပါသည်။

၃။ ယခင် စစ်အာဏာရှင်အစိုးရများမှ ၎င်းတို့အာဏာခိုင်မြဲစေရန်အတွက် ကချင် အထူးဒေသ (၁) ဟူ၍ ခွဲခြားသတ်မှတ်အုပ်ချုပ်ခဲ့သောကြောင့် ကချင်လူမျိုးများ၏ စည်းလုံးညီညွတ်မှုကို ထိခိုက်စေခဲ့ပါသည်။

၄။ ကချင်လူမျိုးများသာမက ကချင်ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများ စိတ်ဝမ်းကွဲမှု မရှိဘဲ အတူတကွတန်းတူနေထိုင်ရေးအတွက် ကချင်အထူးဒေသ (၁) ဟု ခွဲခြားသတ်မှတ် ထားသောနယ်မြေများကို တပေါင်းတစည်းတည်းဖြစ်အောင် အရယူခဲ့ရခြင်းဖြစ်ပါသည်။

၅။ ယခုမှစ၍ ကချင် အထူးဒေသ (၁) ဟူသော သတ်မှတ်ချက် မရှိတော့ပါ။

၆။ ပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေးများ ဆုံးရှုံးထိခိုက်မှုမဖြစ်စေဘဲ လူသားခြင်းစာနာ ထောက်ထားမှုအခြေခံသည့်မူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစွမ်းကုန် ပြန်လည်ကြိုး စား တည်ဆောက်သွားမည် ဖြစ်ပါသည်။

၇။ သို့ဖြစ်ပါ၍ ယခင် ကချင် အထူးဒေသ (၁) အုပ်ချုပ်မှုအောက်တွင်ရှိခဲ့သော ဌာနေ ပြည်သူများ၊ ရင်းနှီးမြှုပ်နှံသူများအားလုံး စိုးရိမ်စိတ်မထားရှိဘဲ KIO နှင့် ပူးပေါင်းကာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွတည်ဆောက်သွားကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဗဟိုကော်မတီ
KIO

ရက်စွဲ - ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈) ရက်။